**ဆိတ်လီးစေ့** န၊ <hseit l-zi'> 投机分子,投机钻营分子

**ဆိတ်လည်နူနာ** န၊ <hseit le nu na> 【医】一种癞疥

**ဆိတ်လမ်း** န၊ <hseit lan:> 【缅天】太阳、月亮于缅历八、九、十、十一等四个月的运行轨道

**ဆိတ်ဝှေးစေ့** န၊ <hseit gwei: zi'> 羊的阴囊

**ဆိတ်သပြေ** န၊ <hseit th-byei> 【植】一种树

**ဆိတ်သမီး** န၊ <hseit th-mi:> ①蒲甘王朝时期妇女的一种发型 ②一种树

**ဆိတ်သားကဗပ်** န၊ <hseit tha: g-bat> 煎羊肉(穆斯林的烹饪法)

**ဆိတ်သိုး** န၊ <hseit tho:> ①公羊 ②【植】毛麝香,也称 ခွေးသေးပန်းပင်

**ဆိတ်သုဉ်း** က၊ <hseit thon:> 灭亡,消失,绝迹,泯灭: လူမသမာတို့မ ～ သေး။ 坏人尚未绝迹。/ ရိုးရာယဉ်ကျေးမှုမ ～ ရလေအောင်ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ 大家必须一齐努力,使传统文化不至于失传。

**ဆုတ်** က၊ <hsout> ①退,退却,退后,倒退;撤退 ②缩小,减少,减退: အရွယ်ထောက်လာသည်နှင့်အမျှအားအင်လည်း ～ လာသည်။ 年纪大了,体力也衰退了。/ သီးနှံအထွက် ～ သည်။ 粮食产量减少。③撕,撕破,扯碎: စက္ကူကို ～ ပစ်လိုက်သည်။ 把纸撕了。④剥皮: မြွေကိုအရေ ～ သည်။ 剥蛇皮。

**ဆုတ်ကန်ကန်** က၊ <hsout kan kan> 挣扎,挣脱: ～ ခြင်းမပြုပဲလိုက်ပါသွားသည်။ 顺从地跟着走了。

**ဆုတ်ကပ်** န၊ <hsout kat> ①一种长形的捕鱼笱 ②【佛】减劫(人寿从八万四千岁开始每百年减一岁,减至十岁)

**ဆုတ်ခံခံ** က၊ <hsout khan khan> 且战且退

**ဆုတ်ခွာ** က၊ <hsout khwa> 撤退,退却;退后;退出: မခုခံနိုင်သောကြောင့် ～ သွားသည်။ 因为抵挡不住,便撤退了。

**ဆုတ်စစ်** န၊ <hsout sit> 【军】退却战: ～ဆင်သည်။ 打退却战。

**ဆုတ်ဆိုင်း** က၊ <hsout hsain:> 迟疑,踌躇;停滞,延误: ～ ခြင်းမရှိပဲချက်ချင်းပင်ထွက်သွားသည်။ 毫不迟疑地马上离开。/ စီးပွားရေး ～ ခြင်း 经济停滞不前

**ဆုတ်တီးဆုတ်တုတ်** က၀၊ <hsout ti: hsout tout> 犹豫不决,停止不前

**ဆုတ်နစ်** က၊ <hsout nit> ①退缩,退却,畏缩: ～ မသွားဘဲမနေနိုင်တော့ပါ။ 被迫退却了。②减弱,下降: လုံ့လဝီရိယ ～ သည်။ 不勤奋。

**ဆုတ်ဖဲ့** က၊ <hsout phe'> 撕破,扯碎

**ဆုတ်ဖျက်** က၊ <hsout phyet> 撕烂,弄坏: စာချုပ်ကို ～ ပစ်သည်။ 撕毁协议。

**ဆုတ်ဖြဲ** က၊ <hsout phye:> 撕毁

**ဆုတ်ဖြတ်** က၊ <hsout phyat> 撕断,扯断: ပိတ်အုပ်မှ ၂-မီတာ ～ လိုက်သည်။ 从整匹的布上扯下两米来。

**ဆုတ်ယုတ်** က၊ <hsout yout> 减少,减退;衰退,退化: ပစ္စည်းဥစ္စာ ～ သည်။ 财产减少了。/ အရောင်းအဝယ် ～ သည်။ 生意清淡。/ အမျိုး ～ သည်။ 品种退化。/ အင်အား ～ ချည့်နဲ့သည်။ 力量削弱。/ ～ ပျက်စီးသည်။ 堕落。

**ဆုတ်ရှား** က၊ <hsout sha:> 避开: အဝေးသို့ဖဲ့ခွာ ～ သွား၏။ 躲得远远的。

**ဆုတ်ရှဲ** က၊ <hsout she:> (古)抛弃;躲避,退避

**ဆဒ္ဒန်** န၊ <hsat dan> = ဆဒ္ဒန်

**ဆန့်** က၊ <hsan'> ①伸展,伸直,弄直: ခါးကို ～ လိုက်သည်။ 伸腰。/ အညောင်း ～ လိုက်သည်။ 伸懒腰。/ ကွေးသောလက်ကို ～ လိုက်ပါ။ 把手伸直。/ လည်တ ～ ～ နှင့်မျှော်သည်။ 翘首企足地盼望(望眼欲穿)。 ②(路途)遥远: ယူဇနာအခန့်၊ ခရီးလည်း ～ 路程约有十三英里之遥。③走: ခြေ ～ သည်။ 走 / ခရီး ～ သည်။ 出门。

**ဆန့်ကျင်** I က၊ <hsan' kyin> 反对;违背,不符合: အခြေခံဥပဒေပုဒ်မ၁၃နှင့် ～ သည်။ 违犯了宪法第十三条。/ ပြောင့်ပြောင့်ကြီး ～ နေသောယူဆချက် 截然相反的观点 II န၊ <hsan' kyin> 反对;分歧

**ဆန့်ကျင်ဘက်** န၊ <hsan' gyin bet> 对立面,反面

**ဆန့်ကြွက်** န၊ <hsan' kywet> 【解】伸张肌

**ဆန့်ငင်ဆန့်ငင်** က၀၊ <hsan' ngin hsan' ngin> 因重病或重伤而抽搐: ဒဏ်ရာရသွားသောကြက်သည် ～ နှင့်သေသွားသည်။ 受了伤的鸡抽搐着死了。

**ဆန့်တငင်ငင်** က၀၊ <hsan' t-ngin ngin> 抽搐,抽搦

**ဆန့်တငံ့ငံ့** က၀၊ <hsan' t-ngan' ngan'> = ဆတ်တငံ့ငံ့

**ဆန့်တန်း** က၊ <hsan' tan:> 伸展,伸直,拉直: လက်ရုံးကို ～ လိုက်လေသည်။ 伸直臂膀。

**ဆန့်ထွက်ရှုံ့ဝင်နိုင်စွမ်း** န၊ <hsan' dwet shon' win nain zun:> 伸缩性

**ဆန်** I န၊ <hsan> ①大米,稻米: ～ စပါး 稻米 / ～ စေ့ 稻粒,米粒 / ～ ထွက်ပစ္စည်း 米制品 / ～ နီ 一种红米 / ～ ဖြူ 一种白米; 上等白米 / ～ သည် 米商 / ～ အိတ် 米袋 ②果仁,果实: မြေပဲ ～ 花生米 II က၊ <hsan> ①逆流,逆水,逆潮,逆风: မြစ်ညာသို့ ～ သည်။ 逆流而上。/ လေ ～ သွားရသည်။ 逆风而上。②反抗,对抗,违抗: အာဏာကို ～ သည်။ 反抗权势。③相似,相象,符合: ခေတ် ～ သောသူ 合潮流的人,时髦者 / တော ～ သည်။ 土里土气 / ရှေး ～ သည်။ 古色古香;保守,墨守成规 / တယ်ကဗျာ ～ ပါလား။ 真富有诗意! / စီးပွားရေး ～ ～ ဆောင်ရွက်သွားရမည်။ 要按经济规律办事。III မ၊ <hsan> 个(键),根: ပတ္တလားမှအရွက်များသည် ၂၁ ～ မှ ၂၅ ～ အထိရှိတတ်သည်။ 竹琴有21至25块琴片。/ မီးခြစ်တ ～ 一根火柴

**ဆန်ကာ** န၊ <z-ga> 筛子